

# မြန်မာနိုင်ငံကြက်ခြေနီအသင်း

## HQ-HR No.106 - Cleaner

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**သည် မြန်မာနိုင်ငံတွင် သက်တမ်းအရှည်ကြာဆုံးနှင့် ဦးဆောင်ဦးရွက်ပြုနေသော လူမှုကရုဏာအဖွဲ့အစည်းဖြစ်ပြီး ဘေးအန္တရာယ်ကျရောက်လွယ်ဆုံးသူများ၏ ကျန်းမာရေးနှင့် ပိုမိုကောင်းမွန်သော ဘဝများအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**သန့်ရှင်းရေး**

| | | |
|---|---|---|
| အရေအတွက် | : | (၁) ဦး |
| အစီရင်ခံတင်ပြမှု | : | လက်ထောက်ညွှန်ကြားရေးမှူး |
| ဌာန | : | စီမံရေးရာဌာန |
| တာဝန်ကျရာနေရာ | : | ရန်ကုန် |
| အဆင့် | : | A 1 |
| အကျိုးခံစားခွင့်များ | : | လစာ + အပိုထောက်ပံ့ကြေး + ရှောင်တခင်ခွင့် + ကူးစက်ရောဂါကာကွယ်ခွင့် + လုပ်သက်ခွင့် + ဆေးလက်မှတ်ခံစားခွင့် + မီးဖွားခွင့် + အိမ်ပြန်နားရက်ခံစားခွင့် + နာရေးခွင့် + အစားထိုးနားရက်ခံစားခွင့် + မွေးကင်းစကလေးအားပြုစုခွင့် + သွေးလှူရှင်ခွင့် + ခရီးသွားစားရိတ် + ကျန်းမာရေးအာမခံနှင့် စုပေါင်းအသက်အာမခံ + စွမ်းဆောင်ရည်မြင့် သင်တန်းများ |
| လျှောက်လွှာကာလ | : | ၀၉.၀၉.၂၀၂၄ မှ ၂၃.၉.၂၀၂၄ ညနေ (၀၄:၃၀) နာရီအထိ |

### ဌာန၏အကြောင်း

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဌာန/ယူနစ်(၁၆)ခုတွင် **စီမံရေးရာဌာနသည်** တစ်ခု အပါအဝင် ဖြစ်ပါသည်။ စီမံရေးရာဌာနကို ဌာနစု(၄)ခု၊ ဌာနစိတ်(၆)ခုတို့ဖြင့် ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပြီး အဆိုပါ ဌာနစု(၄)ခုမှာ အုပ်ချုပ်မှုဌာနစု၊ မော်တော်ယာဉ်ဌာနစု၊ အဆောက်အဦဌာနစု၊ တပ်ဖွဲ့ရေးရာဌာနစု တို့ဖြစ်ပါသည်။ အုပ်ချုပ်မှုဌာနစုအား ရုံးအဖွဲ့၊ စာကြည့်တိုက်၊ သန့်ရှင်းရေးဌာနစိတ်၊ လုံခြုံရေးဌာနစိတ်၊ စားရိပ်သာ ဌာနစိတ်နှင့် ဥယျာဉ်ဌာနစိတ်တို့ဖြင့် ဖွဲ့စည်းထားရှိပြီး စီမံရေးရာဌာနအနေဖြင့် ရုံးလုပ်ငန်းများ စနစ်တကျ ရှိရေး၊ ဝန်ထမ်းများ အဆင်ပြေစွာသွားလာရေး၊ နေထိုင်၊ စားသောက်၊ သွားလာရေးနှင့် အသင်း၏ အုပ်ချုပ်မှု ဆိုင်ရာကိစ္စရပ်များအား တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိပါသည်။

"Person with disability are encouraged to apply this post as they will be given equal opportunity"

"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities' members in our programs"

*Humanity, Impartiality, Neutrality, Independence, Voluntary Service, Unity and Universality*



# မြန်မာနိုင်ငံကြက်ခြေနီအသင်း

## HQ-HR No.106 - Cleaner

### ရည်ရွယ်ချက်

သန့်ရှင်းရေးဌာနစိတ်သည် ရန်ကုန်ရုံးခွဲ၏ အတွင်း/ အပြင်သန့်ရှင်းရေး၊ အချိန်ပြည့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ ရုံးခန်းများ၊ အစည်းအဝေးခန်းများ၊ သင်တန်းခန်းမများ၊ သန့်စင်ခန်းများသန့်ရှင်းရေးနှင့် ရုံးအတွင်းရှိ အမှိုက်များစွန့်ပစ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

### တာဝန်နှင့်ဝတ္တရားများ

(၁) ရန်ကုန်ရုံးခွဲ မြေညီထပ်၊ (၃) လွှာ၊ (၄) လွှာ၊ (၅) လွှာ၊ (၆) လွှာရှိ အချိန်ပြည့်အလုပ်အမှုဆောင် ရုံးခန်းများ၊ အထွေထွေအတွင်းရေးမှူးနှင့် ဒုတိယအထွေထွေအတွင်းရေးမှူးများ၏ ရုံးခန်းများ၊ အစည်းအဝေးခန်းမများ၊ သင်တန်းခန်းမများ၊ လျှောက်လမ်းများ၊ လှေကား အတက်/အဆင်း နေရာများနှင့် ဓါတ်လှေကားများ အစဉ်အမြဲ သန့်ရှင်းရေးနေရေးအား နေ့စဉ်ဆောင်ရွက်ရမည်။

(၂) ရုံးအတွင်းရှိ အမှိုက်များကို စုစည်း၍ စနစ်တကျစွန့်ပစ်နိုင်ရန်ဆောင်ရွက်ခြင်းနှင့် အမှိုက်ပုံးများကို အမြဲ ပြန်လည်သန့်ရှင်းစေရန် စီစဉ်ဆောင်ရွက်ရမည်။

(၃) ရုံးအဆောက်အဦနှင့် သန့်စင်ခန်းများ အစဉ်အမြဲ သန့်ရှင်းသပ်ရပ်နေရေး နေ့စဉ်သန့်ရှင်းရေး ဆောင်ရွက်ရမည်။

(၄) အစည်းအဝေး/ အခမ်းအနားများကျင်းပရန် စီစဉ်ဆောင်ရွက်ခြင်း၊ ၎င်းအခမ်းအနားများအတွက် ဧည့်ခံကျွေးမွေးရေးတာဝန်များတွင် ပါဝင်ကူညီဆောင်ရွက်ခြင်းနှင့် စီမံရေးရာဌာန၏ လုပ်ငန်းလိုအပ်ချက်အရ သီးခြားထပ်မံ ပေးအပ်သော တာဝန်များကို ထမ်းဆောင်နိုင်ရမည်။

(၅) လုပ်ငန်းလိုအပ်ချက်ရှိပါက ရုံးချိန်ပြင်ပ အချိန်ပိုဆင်းဆောင်ရွက်ခြင်းနှင့် ရုံးပိတ်ရက်များတွင် တာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည်။

### <u>လိုအပ်သောအရည်အချင်းများ</u>

- အခြေခံပညာအလယ်တန်းအဆင့်ရှိသူဖြစ်ရမည်။
- သန့်ရှင်းရေးဝန်ထမ်းတာဝန် ထမ်းဆောင်ဖူးသူ ဖြစ်ရမည်။
- ကျန်းမာသန်စွမ်းပြီးသွက်လက်နိုးကြားသူဖြစ်ရမည်။
- အကျင့်စာရိတ္တကောင်းမွန်ပြီး ပြစ်မှုမှတ်တမ်းမရှိသူဖြစ်ရမည်။
- ကြက်ခြေနီအခြေခံမူများနှင့်အညီ ဆောင်ရွက်နိုင်ရမည်။

"Person with disability are encouraged to apply this post as they will be given equal opportunity"

"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities' members in our programs"

*Humanity, Impartiality, Neutrality, Independence, Voluntary Service, Unity and Universality*



# မြန်မာနိုင်ငံကြက်ခြေနီအသင်း

**HQ-HR No.106 - Cleaner**

- လူမှုဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။
- မြန်မာဘာသာစကား အရေး/ အဖတ် ကျွမ်းကျင်သူဖြစ်ရမည်။
- ကြက်ခြေနီအခြေခံမူ(၇)ချက်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ မဟာဗျူဟာနှင့် စည်းမျဉ်း စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။
- ကြက်ခြေနီနှင့် လခြမ်းနီအခြေခံမူများကို နားလည်လက်ခံပြီး တက်ကြွစွာမြှင့်တင်လိုစိတ်ရှိသူ ဖြစ်ရမည်။
- ကြက်ခြေနီနှင့်လခြမ်းနီလူမှုကရုဏာလုပ်ရှားမှုများတွင် အတွေ့အကြုံရှိသူကို ဦးစားပေးမည်။

**စိတ်ပါဝင်စားသူများသည် ထောက်ခံသူအနည်းဆုံးနှစ်ဦးပါဝင်သော ကိုယ်ရေးရာဇဝင်နှင့် အတူ လိုအပ်သောအထောက်အထား မိတ္တူ/ PDF Version ဖြင့် ပြည့်စုံစွာ ပေးပို့လျှောက်ထား မှသာလျှင် ထည့်သွင်းစဉ်းစားမည်ဖြစ်ပါသည်-**

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**
**ရုံးချုပ်**
**ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏသီရိမြို့၊**
**နေပြည်တော်။**

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**
**ရန်ကုန်ရုံးခွဲ**
**၄၂၊ ကမ်းနားလမ်း၊ ဗိုလ်တစ်ထောင်မြို့နယ်၊**
**ရန်ကုန်။**

(သို့မဟုတ်) mrcshrrecruitment@redcross.org.mm သို့လိပ်မူကာ ပေးပို့ရမည်။
အသေးစိတ်အချက်အလက်များအား www. redcross.org.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**လူတွေ့စစ်မေးခြင်းရွေးချယ်ခံရသူကိုသာ အကြောင်းကြားမည်ဖြစ်ပါသည်။**

"Person with disability are encouraged to apply this post as they will be given equal opportunity"

"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities' members in our programs"

*Humanity, Impartiality, Neutrality, Independence, Voluntary Service, Unity and Universality*

*MRCS-Cleaner for Admin Dept: (9.9.24)*